PART OF THE YOMA GROUP

## FMI AIR လီမိတက်၏ အစုရှယ်ယာများအား ရောင်းချခြင်း

ဖတ်(စ်)မြန်မာ အင်ဗက်(စ်)မဲ့(န်) အများပိုင် ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများစုပေါင်း၍ "ကုမ္ပဏီအုပ်စု")၏ ဒါရိုက်တာအဖွဲ့သည် ၂၀၁၉ ခုနှစ်၊ မတ်လ၊ ၂၂ ရက်နေ့တွင် FMI Air Limited ("FMI Air") ၏ အစုရှယ်ယာပိုင်ဆိုင်မှု ၁၀% နှင့် ၎င်းနှင့် ဆက်စပ်သည့် ရရန်ပိုင်ခွင့်များကို SPA Aviation Holdings Limited ("SAH") ကုမ္ပဏီသို့ ကျပ် ၇,၉၀၀,၀၀၀,၀၀၀ (မြန်မာကျပ် ခုနစ်ထောင့်ကိုးရာသန်း) တန်ဖိုးဖြင့် ရောင်းချရန် နှစ်ဘက်ဖြည့်ဆည်းရမည့် အချက်များ ပါဝင်သည့် အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

အရောင်းအဝယ် စာချုပ်ပါ အချက်အလက်များ ပြီးစီး၍ အရောင်းအဝယ်ပြီးမြောက်ချိန်တွင် FMI ကုမ္ပဏီ၏ FMI Air တွင် အစုရှယ်ယာပိုင်ဆိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | ရောင်းချခြင်း မပြုမီ ပိုင်ဆိုင်မှု | ရောင်းချပြီးနောက် ပိုင်ဆိုင်မှု |
|---|---|---|
| FMI ကုမ္ပဏီ လီမိတက် | ၁၀% | ၀% |

**အခြေခံ အကြောင်းအရင်း**

ကုမ္ပဏီသည် မြန်မာ့လေကြောင်းလိုင်းကဏ္ဍ၏ စီးပွားရေးစိန်ခေါ်မှုများအား ကြည့်ရှုလေ့လာ၍ လေကြောင်းလိုင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု မပြုတော့ဘဲ ကုမ္ပဏီအုပ်စုအတွင်းရှိ အခြားသော အဓိက လုပ်ငန်း ကြီးများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံသွားခြင်းက ကုမ္ပဏီ အတွက် အကောင်းဆုံးလုပ်ဆောင်ချက် ဖြစ်မည်ဟု သုံးသပ်ဆုံးဖြတ်ခဲ့ပါသည်။

**ဘဏ္ဍာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ**

ဤ အရောင်းအဝယ်ကြောင့် လက်ရှိကြေငြာချက် ထုတ်ပြန်သည့်ရက်၌ FMI ကုမ္ပဏီ အုပ်စု၏ ဘဏ္ဍာရေးစွမ်းဆောင်ရည်ပေါ်တွင် သိသာသော အကျိုးသက်ရောက်များစွာ မရှိနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၉ ခုနှစ်၊ မတ်လ (၂၂) ရက်


**First Myanmar Investment Public Co., Ltd.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm